ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန)

# လူထုဗဟိုပြုစီမံကိန်း

(ဒုတိယနှစ်စက်ဝန်း)

National Community Driven Development Project (NCDDP)



# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# Village Development Plan (VDP)


ပူတာအိုမြို့နယ်

၂၀၁၉ ခုနှစ် | နမ်ရှယ်ကော့ကျေးရွာ | ပမ္မတီးကျေးရွာအုပ်စု


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | မြို့နယ်မြေပုံ | ၂ |
| ၂ | ကျေးရွာမြေပုံ (တည်နေရာ) | ၃ |
| ၃ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း | ၄ |
| ၄ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) | ၅ |
| ၅ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား | ၆ |
| ၆ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့် တစ်ခုချင်းစီအတွက် ဆွေးနွေးချက်နှင့်ဆန်းစစ်ချက်များ | |
| | (က) လူမှုရေးအရင်းအမြစ်ပြမြေပုံ | ၇-၈ |
| | (ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း | ၉-၁၀ |
| | (ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၁၁-၁၂ |
| | (ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း | ၁၃ |
| | (င) ရာသီခွင်ပြပြက္ခဒိန် | ၁၄ |
| | (စ) ဗင်းပုံစံ | ၁၅-၁၆ |
| | (ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ | ၁၇-၁၈ |
| | (ဇ) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး) | ၁၉-၂၀ |
| | (ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ | ၂၁ |
| ၇ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ | ၂၂ |
| ၈ | ကျေးရွာအချက်အလက် (ပုံစံ-၁) | ၂၃-၂၈ |
| ၉ | စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) | ၂၉-၃၂ |
| ၁၀ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) | ၃၃-၃၇ |
| ၁၁ | အစည်းအဝေးမှတ်တမ်းများ | ၃၈ |
| ၁၂ | ကဏ္ဍအလိုက် လုပ်ငန်းအချုပ်ဇယား | ၃၉ |

၁။ မြို့နယ်မြေပုံ


ပူတာအိုမြို့နယ် အခြေပြမြေပုံ
အိန္ဒိယနိုင်ငံ
N
W
E
S
ပူတာအိုမြို့နယ်
ပူတာအိုခရိုင်
ကချင်ပြည်နယ်
စကေး ၁ လက္မ = ၄ မိုင်
မချမ်းဘောမြို့နယ်
တနိုင်းမြို့နယ်
ဆွမ်ပရာဘွမ်မြို့နယ်
ရည်ညွှန်းချက်
၁။ နိုင်ငံတော်နယ်နိမိတ်
၂။ မြို့နယ် နယ်နိမိတ်
၃။ မြို့ / ကျေးရွာခြားနယ်နိမိတ်
၄။ မြို့ / ကျေးရွာအုပ်စု
၅။ မြစ် / ချောင်း

၂။ ကျေးရွာမြေပုံ (တည်နေရာ)



ပူတာအိုမြို့နယ်ပမ္မတီးကျေးရွာအုပ်စုပြမြေပုံ
မ
ပမ္မတီးကျေးရွာအုပ်စု
ပူတာအိုမြို့နယ်
ပူတာအိုခရိုင်
နမ့်ရှယ်ကော
ကော့နောင်
ဝင်းလုံ
မချမ်းဘော့မြို့နယ်
ပမ္မတီး
ဓာမူးလှဲကျေးရွာအုပ်စု
ပူတောင်ကျေးရွာအုပ်စု
ရှည်ညွှန်းချက်
၁။ နိုင်ငံခြားနယ်နိမိတ်
၂။ မြို့နယ်ခြားနယ်နိမိတ်
၃။ ရပ်ကွက်/ ကျေးရွာအုပ်စုခြားနယ်နိမိတ်
၄။ ရပ်ကွက်/ ကျေးအုပ်စုအုပ်ချုပ်ရေးမှူးရုံး
၅။ ပညာရေးကျောင်း
၆။ ပြည်သူ့ရဲတပ်ဖွဲ့စခန်း
၇။ ဘုန်းကြီးကျောင်း
၈။ ခရစ်ယာန်ဘုရားရှိခိုးကျောင်း
၉။ ကျန်းမာရေးဌာန
၁၀။ ကျေးရွာ
၁၁။ ကပ်စခန်း
၁၂။ ကတ္တရာလမ်း
၁၃။ ကျောက်ခင်းလမ်း/လယ်
၁၄။ မြစ်/ ချောင်း

## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

ပမ္မတီးအုပ်စုတွင် ပါဝင်သော ကျေးရွာများမှာ -

(၁) ပမ္မတီး ကျေးရွာ

(၂) နမ့်ရှယ်ရှီးဒီကျေးရွာ

(၃) နမ့်ရှယ်ကျေးရွာ

(၄) မလီဆားရ်ကျေးရွာ

(၅) မလိခေါင်ကျေးရွာ

(၆) ဂျေဂျီဒီကျေးရွာ

(၇) နမ့်ရှယ်ဖွပ်ကျေးရွာ

(၈) ဝမ့်ခွမ့်ဒမ်းကျေးရွာ

(၉) ရေနီတိုကျေးရွာ

(၁၀) ညဲဆာလာဒီကျေးရွာ

(၁၁) ဝင်းလုံကျေးရွာ

(၁၂) နမ့်ရှယ်ကော့ကျေးရွာ

(၁၃) ကော့နောင်းကျေးရွာ

(၁၄) နောင်းယန်ကျေးရွာ

**၄။ ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း)**

နမ်ရှယ်ကော့ကျေးရွာသည် ခေါင်လန်ဖူးမြို့နယ်မှ စိုက်ပျိုးရေးအခက်အခဲကြောင့် ၁၉၅၆ ခုနှစ်တွင် ဝင်းလုံကျေးရွာ ဇော်ဖွားဆော့ ဇော်ဖွားကွယ်တို့အား တောင်းခံ၍ တောင်ယာလုပ်စားရင်း ဦးဖူမဲဒီ၊ ဦးဒီမဲဒီ၊ ဦးဂွါအာဂျာ၊ ဦးအားဒီးမဲ့တို့အပါ(၁၀)အိမ်ခန့် စတင်နေထိုင်လာခဲ့ပါသည်။

၁၉၆၃ ခုနှစ်တွင် KIA အဖွဲ့အစည်းများ ဆူပူမှုဖြစ်လာ၍ အစိုးရက တောရွာတောရပ်ရှိပြည်သူများအား လုံခြုံမှုရှိသောနေရာသို့ ရွာပြောင်းရွှေ့ နေစေသောကြောင့် ပထမအကြိမ် ကျေးရွာ ပျက်စီးခံခဲ့ရပါသည်။ ၁၉၇၂ ခုနှစ်တွင် KIA ဆူပူမှု ငြိမ်လာ၍ ယခင်နေရပ်သို့ ပြန်လည်နေထိုင်ခွင့်ပြုလာခြင်းကြောင့် အိမ်ခြေ(၂၀)ကျော် တိုးလာသဖြင့် ရွာအတည်ပြုပေးပါရန် သက်ဆိုင်ရာ အစိုးရထံ ဦးချော်ရဲဂျာ၊ ဦးဝါရဲ့စော၊ ဦးဂျေမာဆွေ၊ တို့က ဦးဆောင်တောင်းခံခဲ့ရာ တရားဝင် ရွာတည်ခွင့်ပြုလာပါ၍ ၁၉၇၃ ဖေဖော်ဝါရီ ၁၇ ရက်တွင် ဖွင့်ပွဲ ကျင်းပ ဖွင့်လှစ်ခဲ့ပါသည်။

၁၉၇၃ ခုနှစ် ပထမကောင်စီသက်တမ်းတွင် ကောင်စီဝင်တာဝန်ဖြင့် ဦးချော်ရဲဂျာ၊ ဦးဒီဂျာ(၁)တို့မှ ရွာကို ဦးဆောင်လာခဲ့ပါသည်။ တစ်နှစ်တစ်ခြားအိမ်ခြေတိုးများလာသော်လည်း အစိုးရပညာရေးကျောင်းမရှိခဲ့ပါသဖြင့် ဘုရားကျောင်းကို အသုံးပြု၍ ကိုယ်ထူကိုယ်ထ မူလတန်းကျောင်းများ ဖွင့်လှစ် သင်ကြားခဲ့ပါသည်။ ၁၉၇၇ ခုနှစ်တွင် ဆွမ်ပရာဘွမ်မြို့နယ်တွင် ကြွက်ဘေးဒုက္ခကြုံတွေ့မှုကြောင့် ပြည်သူများ အချို့ ပြောင်းရွှေ့ ဝင်လာခြင်းကြောင့် အိမ်ခြေ(၁၀၀)ခန့်တိုးများလာခဲ့ပါသည်။ အိမ်ခြေနှင့်လူဦးရေတိုးများလာသည်နှင့်အညီ ၁၉၈၀ တွင် မူလတန်းကျောင်း ဖွင့်လှစ်အတည်ပြုပေးခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ပဥ္စမတန်းအထိ ဖွင့်လှစ်ခဲ့ပြီး အလယ်တန်းကျောင်းရရှိရေး မျှော်မှန်းချက်ဖြင့် ၁၉၉၉ ခုနှစ်တွင် ဦးယောချယ်ရှော ဥက္ကဌ၊ ဦးဆာရဲနို အတွင်းရေးမှူးတို့ ဦးဆောင်၍ ၁၂၀′ x ၂၅′ ပျဉ်ခင်းပျဉ်ကာ နှစ်ထပ်ဆောင်တစ်ဆောင် ဆောက်လုပ်နိုင်ခဲ့ပါသည်။ ထို့နောက် ကျေးရွာဖွံ့ဖြိုးရေး အဖွဲ့အစည်းများ ဝင်လာသဖြင့် ကျောင်းဆောင် ဆောက်လုပ်ပေးခဲ့သဖြင့် ၂၀၁၂ ခုနှစ်တွင် အလယ်တန်းကျောင်းကို ရရှိခဲ့ပါသည်။ ဝေါလ်ကွန်ဆန်း NGO စသည့်အဖွဲ့အစည်းများတို့၏ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးများ ပံ့ပိုးမှုပေးမှုကိုလည်း ရရှိခဲ့ပါသည်။


ကျေးရွာတိုးတက်စေရန် ဦးဆောင်ခဲ့သော ပုဂ္ဂိုလ်များအမည်မှာ ဦးချော်ရဲဂျာ(ဥက္ကဌ) ဦးဂျေမာဆွေ (အတွင်းရေးမှူး) (၁၉၇၃-၁၉၈၀)၊ ဦးဒီဂျာ(၁)(ဥက္ကဌ) ဦးနောဟူးဒွေ့(အတွင်းရေးမှူး) (၁၉၈၀-၁၉၈၅)၊ ဦးဝါရဲစု(ဥက္ကဌ) ဦးဖူဆီဟူ အတွင်းရေးမှူး(၁၉၈၅-၁၉၈၈)၊ ဦးဖူရဲဂျာ(ဥက္ကဌ) (၁၉၈၈-၁၉၉၀)၊ ဦးဝါရဲစု(ဥက္ကဌ) ဦးဆာရဲဒို(အတွင်းရေးမှူး) (၁၉၉၀-၁၉၉၂)၊ ဦးဒီဂျာ(၁) (ဥက္ကဌ)(၁၉၉၂-၁၉၉၄)၊ ဦးအာခီရှော(ဥက္ကဌ) ဦးဆာရဲနို အတွင်းရေးမှူး(၁၉၉၄-၁၉၉၆)၊ ဦးမီချယ်ခီ(ဥက္ကဌ) ဦးဇားလာဆီ(အတွင်းရေးမှူး)(၁၉၉၆-၁၉၉၇)၊ ဦးယော်ဖါစေ့ (ဥက္ကဌ) ဦးဒီးလီဟူး အတွင်းရေးမှူး (၁၉၉၇-၁၉၉၉)၊ ဦးဒီးလီဟူး(ဥက္ကဌ) ဦးဆာရဲ့နိုအတွင်းရေးမှူး(၁၉၉၉-၂၀၀၀)၊ ဦးယော်ချယ်ရှော(ဥက္ကဌ) ဦးဆာရဲနို အတွင်းရေးမှူး(၂၀၀၀-၂၀၀၂)၊ ဦးဂျေယော်ဟဲ့(ဥက္ကဌ) ဦးငွါးအာယော အတွင်းရေးမှူး(၂၀၀၂-၂၀၀၃)၊ ဦးကီဆာဒီး(ဥက္ကဌ) ဦးဆာရဲနို အတွင်းရေးမှူး (၂၀၀၃-၂၀၀၅)၊ ဦးဒီလီရဲ(ဥက္ကဌ) ဦးဒီဆာယော် အတွင်းရေးမှူး(၂၀၀၈-၂၀၁၃)၊ ဦးလာတီးဖီ(ဥက္ကဌ)ဦးဂျေယော်ဇီ အတွင်းရေးမှူး (၂၀၁၃-၂၀၁၅)၊ ဦးဆာရဲ့နို(ဥက္ကဌ) ဦးအဂျိုဒီအတွင်းရေးမှူး(၂၀၁၅-၂၀၁၆)၊ ဦးချယ်ဖိုးဆာ(ဥက္ကဌ) ဦးအဂျိုဒီ အတွင်းရေးမှူး (၂၀၁၆-၂၀၁၇)၊ ဦးဒီလီရဲ့ တာဝန်ခံ ဦးဆာရဲနို ရာအိမ်မှူး ၂၀၁၇ – တို့က နမ်ရှယ်ကော့ရွာတွင် အဆက်ဆက် ဦးဆောင်လာခဲ့သူများဖြစ်ကြသည်။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိကဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၆.၄.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၂၅ | ၃၁ | ၅၆ | အိမ်များ၊ အခြေခံအဆောက်အဦများ၊ လမ်းပန်းဆက်သွယ်ရေး၊ လယ်ယာမြေများ၊ မြစ်ချောင်းများနှင့် နယ်နမိတ်များ။ |
| ၂ | ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက် | ၆.၄.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၂၄ | ၃၀ | ၅၄ | ကွဲပြားသောလူမှုစီးပွားရေးအမျိုးအစားများ၊ အမျိုးသားနှင့် အမျိုးသမီးများ၏ မတူကွဲပြားသောအသုံးပြုခွင့်နှင့် အရင်းအမြစ်များအပေါ် ထိန်းချုပ်ခြင်း။ |
| ၃ | ပိုင်ဆိုင်မှုသုံးသပ်ခြင်း | ၆.၄.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၂၅ | ၃၁ | ၅၆ | အမျိုးသမီးများနှင့် အမျိုးသားများပိုင်ဆိုင်ပြီးထိန်းချုပ်ထားသည့် ပိုင်ဆိုင်မှု (သို့) အရင်းအမြစ်များ၏ ဦးစားပေးများနှင့် လိုအပ်ချက်များကွဲပြားခြားနားခြင်း။ |
| ၄ | ရာသီခွင်ပြ ပြက္ခဒိန် | ၆.၄.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၂၅ | ၃၁ | ၅၆ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်း၊ အစားအစာရရှိမှုများနှင့် ပွဲတော်များ။ |
| ၅ | ပင့်ကူအိမ်သုံးသပ်ခြင်း | ၆.၄.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၂၄ | ၃၀ | ၅၄ | အမျိုးသားများနှင့် အမျိုးသမီးများတန်းတူအခွင့်အရေးရရှိမှုနှင့် မရရှိသည့် အကြောင်းအရင်းများ။ |
| ၆ | ဗင်းပုံစံ | ၆.၄.၂၀၁၉ | ကျေးရွာလူထု (ရပ်မိရပ်ဖများ၊ ဆင်းရဲ၊ ချမ်းသာ၊ အလယ်အလတ်၊ နွမ်းပါး၊ အနွမ်းပါးဆုံး နှင့် လူငယ်အုပ်စုများ) | ၂၄ | ၃၀ | ၅၄ | ကျေးရွာအတွင်းနှင့်ပြင်ပရှိအဖွဲ့အစည်းများ မည်ကဲ့သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များနှင့် ချိတ်ဆက်လုပ်ကိုင်မှု။ |

၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက် အသုံးပြုခဲ့သော PRA Tools များနှင့်တစ်ခုခြင်းစီအတွက်သုံးသပ်ချက်များ

(က) လူမှုရေးအရင်းအမြစ်ပြမြေပုံ



**လူမှုရေးအရင်းအမြစ်ပြမြေပုံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

နမ်ရှယ်ကော့ကျေးရွာသည် ပူတာအိုမြို့မှ (၁၁)မိုင်အကွာတွင် တည်ရှိသော ကျေးရွာလေးဖြစ်သည်။ အိမ်ခြေ(၂၀၇)အိမ်ရှိပြီး လူဦးရေမှာ အလွန်များပြားလှျက်ရှိသည်။ နမ်ရှယ်ကော့ကျေးရွာသည် ပမ္မတီးအုပ်စုအတွင်းတွင် တည်ရှိပြီး ပမ္မတီးအုပ်စုတွင် အိမ်ခြေအများဆုံးနှင့် လူဦးရေအများဆုံးနေထိုင်သော ကျေးရွာလေးဖြစ်သည်။ နမ်ရှယ်ကော့ကျေးရွာတွင် ရဝမ်၊ ဗမာ၊ စသည့်လူမျိုးများ နေထိုင်ကြပါသည်။ အဓိကအသက်မွေးဝမ်းကျောင်းမှာ လယ်ယာလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုကြောင်း သုံးသပ်မိပါသည်။ ပွင့်လင်းရာသီများ၌ တောင်ပေါ်သို့ သွားရောက်ကာ သဘာဝဆေးမြစ်၊ ရှားချို၊ လင်ဇီးမှို၊ ရှီးပတီများ ရှာဖွေရောင်းချကာ ဝင်ငွေရှာကြသည်။ ကျေးရွာအတွင်း ခရစ်ယာန် ဘုရားကျောင်းလေးကျောင်းရှိပြီး၊ ရွာကြီးသောကြောင့် ဘုရားကျောင်းများရခြင်းဖြစ်သည်။ အလယ်တန်းကျောင်းရှိပြီး ကလေးသူငယ်များ ပညာသင်ကြားရသော်လည်း အထက်တန်းကျောင်း မရှိသောကြောင့် အခြားမြို့သို့ သွားရောက်ကာ ပညာသင်ကြားကြသည်။ ကျေးရွာအတွင်းလိုအပ်နေသော အဆောက်အဦများမှာ အစည်းအဝေးခန်းမ၊ ဆေးပေးခန်း တို့ဖြစ်သည်။ လမ်း၊ တံတားများလည်း လိုအပ်နေကြောင်း လေ့လာသုံးသပ်မိပါသည်။

**မှတ်တမ်းတင်သူ-**

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

### (ခ) ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်း

နမ့်ဂျယ်ကော ကျေးရွာ / ဥစ္စာဓနကြွယ်ဝမှု ဇယား

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စု အရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | ဆိုင်ကယ် (၂)စီး ၊ သုံးဘီး ၊ လယ်ထွန်စက် ၊ ကြက် (၁၀)ကောင် ၊ ကျွဲနွား (၁၅) ကောင် ၊ ပျိုးထောင်ခြံ / သွပ်မိုး ၊ ဆန်စက် ၊ လယ် (၁၀)ဧက ၊ နွားလှည်း ၊ ဥယျာဉ်ခြံမြေ ၊ ကား(၂)စီး ၊ | 40 အိမ် | 19% |
| အလယ်အလတ် | ဆိုင်ကယ်(၁)စီး ၊ လယ်ထွန်စက် ၊ ကြက် (၅)ကောင် ၊ ဝက်(၂) ၊ ကျွဲနွား (၅)ကောင် ၊ ပျဉ်ခင်း ထော်လာ / သွပ်မိုး ၊ လယ် (၅)ဧက ၊ နွားလှည်း ၊ ဥယျာဉ်ခြံမြေ ၊ | 80 အိမ် | 39% |
| နွမ်းပါး ဘုယ် သူ (အဆင်မပြေ) | ဆိုင်ကယ်(၁)စီး ၊ ကြက် (၅) ကောင် ၊ ဝက်(၁) ကောင် ၊ ကျွဲနွား (၂)ကောင် ၊ ဝါးထော်လာ / သက်ကယ်မိုး ၊ လယ် (၃)ဧက ၊ နွားလှည်း ၊ ဥယျာဉ်ခြံမြေ ၊ | 50 အိမ် | 24% |
| အလွန်နွမ်းပါး ကုပ်ခို | ကျွဲနွားမရှိ ၊ လယ် မရှိ ၊ ဝါးခင်း/ထော်လာ / သက်ကယ်မိုး ၊ ကြက်(၂) ၊ ဝက် (၁) ကောင် ၊ ကျပန်းအလုပ်လုပ် ၊ နေ့စားလုပ် ၊ ကလေးများ ၊ သက်ကြီးရွယ်အိုများ (ကျန်းမာရေးချို့ယွင်း) ၊ မသန်စွမ်းသူများ ၊ | 37 အိမ် | 18% |
| | စုစုပေါင်း | 207 အိမ် | 100% |

**ဥစ္စာဓနကြွယ်ဝမှုဇယား (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

နမ်ရှယ်ကော့ကျေးရွာတွင် ကျေးရွာ၏ လူနေမှုအခြေအနေအပေါ်မူတည်ပြီး မိမိတို့ပိုင်ဆိုင်မှုကို အဆင့်(၄)ဆင့်သတ်မှတ်ခဲ့ကြသည်။ ချမ်းသာသောအဆင့်၊ အလယ်အလတ်အဆင့်၊ မပြေလည်သော အုပ်စုအအဆင့်နှင့် အလွန်နွမ်းပါးသောအုပ်စုအဆင့်ဟူ၍ သတ်မှတ်ခဲ့ကြသည်။


ချမ်းသာသောအုပ်စုအဆင့်တွင် အိမ်ထောင်စု(၄၀) အိမ်ရှိပြီး ၎င်းပိုင်ဆိုင်မှုများမှာ ပျဉ်ခင်းပျဉ်ကာ၊ သွပ်မိုး၊ ကုန်စုံဆိုင်၊ သုံးဘီး၊ လယ်(၈)ဧကမှ(၁၀)ဧက၊ ကျွဲ/နွား(၁၅)ကောင်၊ လယ်ထွန်စက်၊ ဆိုင်ကယ်(၂)စီး၊ ဆန်စက်စသည့်အရာများ ပိုင်ဆိုင်သောအိမ်ထောင်စုများကို ချမ်းသာသောအုပ်စုသတ်မှတ်ထားသည်။ အလယ်အလတ်အုပ်စုအဆင့်တွင် အိမ်ထောင်စု(၈၀)အိမ်ရှိပြီး ၎င်းပိုင်ဆိုင်မှုများမှာ ဆိုင်ကယ်(၁)စီး၊ လယ်ထွန်စက်၊ ကြက်(၅)ကောင်၊ ဝက်(၂)ကောင်၊ ကျွဲ/နွား(၅)ကောင်၊ ပျဉ်ခင်းထရံကာ၊ သွပ်မိုး၊ လယ်(၅)ဧက၊ နွားလှည်း၊ ဥယျာဉ်ခြံမြေစသည်တို့ဖြစ်ကြသည်။ မပြေလည်သောအုပ်စုတွင် အိမ်ထောင်စု (၅၀)စုရှိပြီး ၎င်းပိုင်ဆိုင်မှုများမှာ ဆိုင်ကယ်(၁)စီး၊ ကြက်(၅)ကောင်၊ ဝက်(၁)ကောင်၊ ကျွဲ/နွား(၂)ကောင်၊ ဝါးထရံကာ၊ သက်ကယ်မိုး၊ လယ်(၃)ဧက၊ နွားလှည်း၊ ဥယျာဉ်ခြံမြေစသည်တို့ဖြစ်သည်။ အလွန်နွမ်းပါးသော အုပ်စုတွင် အိမ်ထောင်စု(၁၇)အိမ်ရှိပြီး ၎င်းပိုင်ဆိုင်မှုများမှာ ကျွဲ/နွား မရှိ၊ လယ်မရှိ၊ ဝါးထင်းထရံကာ၊ သက်ကယ်မိုး၊ ကြက်(၂)ကောင်၊ ကျပန်းအလုပ်၊ နေ့စား၊ ကလေးများ၊ သက်ကြီးရွယ်အို၊ မသန်စွမ်းသူများဖြစ်ကြပါသည်။

**မှတ်တမ်းတင်သူ-**

ဦးဂျော်နီဆာ
(လူထုစည်းရုံးရေးမှူး)

(ဂ) ပိုင်ဆိုင်မှုသုံးသပ်ခြင်း





**ပိုင်ဆိုင်မှုသုံးသပ်ချက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**


နမ်ရယ်ကော့ကျေးရွာ၏ အရင်းအမြစ်များကို သုံးစွဲခြင်းနှင့် အရင်းအမြစ်များကို ထိန်းချုပ်ခြင်းဟူ၍ နှစ်မျိုးခွဲကာ ဆွေးနွေးခဲ့ကြသည်။ အမျိုးသား၊ အမျိုးသမီးနှစ်ဦးစလုံး အသုံးပြုသော အရင်းအမြစ်များမှာ စာသင်ကျောင်း၊ ဗီဒီယို၊ အိမ်၊ ရေတွင်း၊ ရေကန်၊ ဈေးဆိုင်၊ ကျွဲ၊ နွား၊ လယ်ယာ၊ လမ်း၊ ခန်းမဆောင်၊ ဆိုင်ကယ်၊ ဘုရားကျောင်းတို့ကို အတူသုံးစွဲကြသည်။ အမျိုးသားများသုံးစွဲသော အရင်းအမြစ်များမှာ ကား၊ လယ်ထွန်စက်၊ ဘော်လုံးကွင်း၊ သစ်တော၊ သုံးဘီး စသည်တို့ကို သုံးစွဲကြသည်။ အမျိုးသမီးများမှာ မီးဖိုချောင်၊ အပ်ချုပ်စက်နှင့် ယက္ကန်းစင်တို့ကို သုံးစွဲကြောင်းတွေ့ရသည်။ အမျိုးသား၊ အမျိုးသမီးအတူသုံးစွဲကြသော်လည်း အမျိုးသားများကသာ အများစုကို ထိန်းချုပ်ထားကြောင်းတွေ့ရသည်။ (ဥပမာ - အပ်ချုပ်စက်၊ ယက္ကန်းစင်)ဖြစ်သည်။ နှစ်ဦးစလုံး ထိန်းချုပ်သော အရင်းအမြစ်များမှာ ကျွဲ၊ နွား၊ လမ်း၊ ဈေးဆိုင် စသည်တို့ဖြစ် သည်။ အမျိုးသမီးများအား လုပ်ငန်းအကောင်အထည်ဖော်ခြင်း၊ လုပ်ပိုင်ခွင့်များပေးခြင်းဖြင့် အမျိုးသမီးများက အရင်းအမြစ်များကို အမျိုးသားများနှင့်တန်းတူ ပိုင်ဆိုင်မှု ရှိကြောင်း နားလည်သိမြင်လာစေနိုင်သည်။

**မှတ်တမ်းတင်သူ-**

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

(ဃ) ပင့်ကူအိမ်သုံးသပ်ခြင်း




**ပင့်ကူအိမ်သုံးသပ်ချက် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**

နမ့်ရှယ်ကော့ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးတို့၏ အဖွဲ့အစည်း၊ ဦးဆောင်နိုင်မှု၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် အိမ်မှုကိစ္စရပ်များတွင် လုပ်ဆောင်နိုင်မှုများကို ပင့်ကူအိမ်သုံးသပ်ချက်များဖြင့် လေ့လာသိရှိနိုင်ပါသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စ ဆောင်ရွက်နိုင်မှုနှင့် ပညာသင်ယူနိုင်မှုတို့တွင် အမျိုးသားများထက်အားသာကြောင်း တွေ့ရသည်။ အမျိုးသားများသည် ဝင်ငွေရှာဖွေနိုင်မှု၊ အဖွဲ့အစည်းများတွင် ပါဝင်ခွင့်၊ မိသားစုတွင် ဦးဆောင်နိုင်မှု၊ လူမှုရေးတွင် ပူးပေါင်းပါဝင်မှု၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်နှင့် ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုတို့တွင် အမျိုးသမီးများထက် အားသာကြောင်း တွေ့ရသည်။ အမျိုးသမီးများသည် အိမ်မှုကိစ္စ၌သာ အချိန်ကုန်ဆုံးနေပြီး အဖွဲ့အစည်းချိတ်ဆက်မှု၊ ဆုံးဖြတ်ချက်ချပိုင်ခွင့်၊ ပူးပေါင်းပါဝင်မှု တို့တွင် အားနည်းနေကြောင်းတွေ့ရသည်။ အမျိုးသမီးများအား အဖွဲ့အစည်းကော်မတီများတွင် ပါဝင်စေခြင်း၊ ဆုံးဖြတ်ချက်ချပိုင်ခွင့် ပေးခြင်းဖြင့် အမျိုးသမီးစွမ်းရည်မြှင့်တက်လာပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များတွင် ပါဝင်လာနိုင်သည်။

**မှတ်တမ်းတင်သူ-**

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

**(င) ရာသီခွင်ပြပြက္ခဒိန်**




**ရာသီခွင်ပြပြက္ခဒိန် (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**


နမ်ရှယ်ကော့ကျေးရွာ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ လယ်ယာလုပ်ငန်းဖြစ်သည်။ ရာသီအလိုက် သီးနှံများဖြစ်ကြသော ပြောင်း၊ ပဲသီး၊ မုန်ညင်း၊ ဖရုံသီး၊ ဘူးသီး၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ အာလူး စသည့်သီးနှံများကို နှစ်စဉ် စိုက်ပျိုးလေ့ရှိသည်။ အဓိက စိုက်ပျိုးရေးအနေဖြင့် ဆန်၊ စပါးကို ဖွန်လနှင့် ဩဂုတ်လတို့တွင် စိုက်ပျိုးပြီး အောက်တိုဘာလနှင့် နိုဝင်ဘာလတို့တွင် ကောက်ရိတ်သိမ်းကြသည်။ ရာသီဥတုအနေဖြင့် အများပိုင်းမှာ သာယာကြောင်းတွေ့ရသည်။ ဖွန်လမှဇူလိုင်လများတွင် မိုးများပြီး ကျန်သောလများတွင် အများပိုင်းသာယာကြောင်း လေ့လာသိရှိရပါသည်။ ရာသီပွဲတော်များအနေဖြင့်၊ ရှင်ပြန်ထမြောက်ပွဲ၊ နှစ်သစ်ကူးပွဲ၊ ကောက်သစ်စားပွဲ၊ ခရစ္စမတ်ပွဲတော်များသည် ခရစ်ယာန်ဘာသာဝင်များ၏ အထွဋ်အမြတ်ထားသောပွဲများဖြစ်သောကြောင့် နှစ်စဉ် ကျင်းပလေ့ရှိသည်။ လမ်းပန်းဆက်သွယ်ရေးများ အရင်ကထက် ပိုမိုကောင်းမွန်လာကြောင်း တွေ့ရသည်။ ဖွန်လမှ စက်တင်ဘာလတို့တွင် မိုးများသောကြောင့် သွားလာရခက်ခဲကြောင်း လေ့လာသိရှိရပါသည်။ ဖွံ့ဖြိုးတိုးတက်လာသောကြောင့် ကျန်းမာရေးများ ကောင်းမွန်ကြောင်းတွေ့ရပြီး တစ်ခါတစ်ရံ ဝမ်းပျက်၊ ဝမ်းလျှော၊ ချောင်းဆိုး၊ ခေါင်းကိုက်၊ နာစေး စသည့်ရောဂါ ဝေဒနာများကိုလည်း တွေ့ရတတ်သည်။ ဝင်ငွေ၊ ထွက်ငွေ မညီမျှကြောင်း တွေ့ရသည်။ လယ်ယာလုပ်ငန်းကို လုပ်ကိုင်စားသောက်ကြသောကြောင့် တစ်နှစ်ပတ်လုံး စားသောက်ရန် ဝမ်းစာဖူလုံကြပါသည်။


**မှတ်တမ်းတင်သူ-**

ဦးဂျော်နီဆာ

(လူထုစည်းရုံးရေးမှူး)

**(စ) ပင်းပုံစံ**






**ဗင်းပုံစံ (ဆွေးနွေးခြင်းနှင့်ဆန်းစစ်ခြင်း)**


နမ်ရှယ်ကော့ကျေးရွာအတွင်း ချိတ်ဆက်နေသော အဖွဲ့အစည်းများမှာ ဝေါကွန်ဆန်း၊ MAM အဖွဲ့၊ လူငယ်အဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျန်းမာရေးအဖွဲ့၊ UNDP၊ CMT အဖွဲ့တို့ ဖြစ်သည်။ ကျေးရွာပြင်ပမှ လာရောက်ချိတ်ဆက်နေသော အဖွဲ့အစည်းများမှာ ကျန်းမာရေးဌာန၊ AG အသင်းတော်၊ C.O.C အသင်းတော် အုပ်စုအုပ်ချုပ်ရေးအဖွဲ့၊ NGO၊ လ.ဝ.က၊ မီးသတ်အဖွဲ့၊ ကျေးလက်ဦးစီးဌာန စသည်တို့ဖြစ်သည်။ ရွာ၏ အုပ်ချုပ်ရေးသည် ရွာတွင်း အခြားအဖွဲ့အစည်းများအား ရွာဖွံ့ဖြိုးတိုးတက်ရေးတွင် ဦးဆောင်သည်။ လူငယ်အဖွဲ့သည် ရွာ၏ သာရေး၊ နာရေးတို့တွင် အဓိက ဦးဆောင်သည်။ MAM, UNDP, CMT အဖွဲ့၊ ဘာသာရေးအဖွဲ့တို့တွင် အမျိုးသား၊ အမျိုးသမီး ပူးပေါင်းပါဝင်ကာ ရွာ၏ ကျန်းမာရေး၊ ပညာရေး၊ ဘာသာရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ဦးဆောင်သည်။ အုပ်ချုပ်ရေးအဖွဲ့မှ တဆင့်ရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြားဌာနဆိုင်ရာအဖွဲ့များနှင့် ချိတ်ဆက်ကာ ဆောင်ရွက်သည်။

**မှတ်တမ်းတင်သူ-**

ဦးဇော်နီဆာ

(လူထုစည်းရုံးရေးမှူး)

(ဆ) အမျိုးသား/အမျိုးသမီးအခက်အခဲများ



နမ်ရှယ်ကော့ကျေးရွာတွင် အမျိုးသား၊ အမျိုးသမီးနှစ်ဦးစလုံး တူညီသော အခက်အခဲများမှာ ရွာတွင်းလမ်းကြားများ မကောင်း၍ သွားလာရခက်ခဲခြင်း၊ သောက်သုံးရေ မလုံလောက်ခြင်း၊ ဘောလုံးကွင်း မကောင်းခြင်း၊ လျှပ်စစ်မီးမရှိ၍ ကလေးများ စာကျက်ရန် ခက်ခဲခြင်း၊ ချောင်းကူးတံတားမရှိခြင်း၊ အစည်းအဝေး ခန်းမဆောင်မရှိ၍ ရွာလူထု စုဝေးရန် ခက်ခဲခြင်း၊ စသည့်အခက်အခဲများဖြစ်သည်။ အမျိုးသားများ သီးသန့် တင်ပြသော အခက်အခဲများမှာ၊ ကျေးရွာတွင် နွားစာကျက် ခြံစည်းရိုးမလုံခြုံသော အခက်အခဲ၊ ကျောင်းခြံစည်းရိုး လုံခြုံမှုမရှိသော အခက်အခဲ၊ စာသင်ကျောင်းဆောင်မကောင်း၍ ကလေးများ စာသင်ရန် ခက်ခဲခြင်းတို့ဖြစ်သည်။ ထို့နောက် အမျိုးသမီးများမှ သီးသန့်တင်ပြလာသော အခက်အခဲများမှာ မူကြို ကျောင်း လုံလောက်မှု မရှိသော အခက်အခဲ၊ ရွာအတွင်း ရေနုတ်မြောင်း မကောင်းသဖြင့် မိုးတွင်း၌ သွားလာရ ခက်ခဲခြင်း၊ ရွာအတွင်း စာကြည့်တိုက်မရှိ၍ ခက်ခဲခြင်းနှင့် အိမ်တွင်းမှုသင်တန်း၊ မူကြိုသင်တန်းများ မရှိ၍ ကလေးသူငယ်များ စာသင်ကြားရန် ခက်ခဲခြင်းတို့ ဖြစ်ကြပါသည်။


## (၈) ကျေးရွာမျှော်မှန်းချက် (အမျိုးသား/အမျိုးသမီး)

နှစ်ဂျယ်ကော့ကျေးရွာ (အမျိုးသား)

| အတားအဆီး အခက်ခဲ | မျှော်မှန်းချက် | ဖွံ့ဖြိုးရေးလုပ်ငန်း |
| --- | --- | --- |
| ၁။ ကျေးရွာအတွင်း လမ်းကြားများ မကောင်း၍ သွားလာရန် အခက်အခဲ ရှိသည်။ | ၁။ အဝဲ ကျေးရွာအတွင်း လမ်းကြားများ သို့ ကျောက်ခင်းရန် မျှော်မှန်းသည်။ | ၁။ ကျေးရွာအတွင်း လမ်းကြားများ ကား သို့ ကျောက်ခင်းရန် လုပ်ငန်း |
| ၂။ ကျေးရွာအတွင်း ရေကောင်းရေသန့် မရရှိ၍ သောက်သုံးရေ အခက်အခဲ ရှိသည်။ | ၂။ ကျေးရွာအတွင်း ရေကောင်းရေသန့်ရေ ရရှိရန် စိမ့်ဆင်းရေသွယ်ပိုက် ရရှိရန် မျှော်မှန်းသည်။ | ၂။ စိမ့်ဆင်းရေသွယ်ပိုက် ဖြန့်ဝေခြင်း လုပ်ငန်း။ |
| ၃။ ကျေးရွာအတွင်း အလုံးကွင်းမကောင်း၍ အခက်အခဲ ရှိသည်။ | ၃။ ကျေးရွာအတွင်း ကားကစားကွင်း အား ပြုပြင်သွားရန် မျှော်မှန်းသည်။ | ၃။ ကျေးရွာအတွင်း ကားကစားကွင်း ပြုပြင်ခြင်း လုပ်ငန်း။ |
| ၄။ ကျေးရွာအတွင်း လျှပ်စစ်မီး မရှိ၍ ကလေးများစာကျက်ရန် ခက်ခဲမှု ရှိသည်။ | ၄။ ကျေးရွာအတွင်း လျှပ်စစ်မီး ရရှိရန် မျှော်မှန်းသည်။ | ၄။ ကျေးရွာအတွင်း လျှပ်စစ်မီး ရရှိရန် လုပ်ငန်း။ |
| ၅။ ကျေးရွာပိုင် နွားစားကျက်ခြံစည်းရိုး မလုံခြုံ၍ အခက်အခဲ ရှိသည်။ | ၅။ ကျေးရွာပိုင် နွားစားကျက်ခြံကို သံဆူးကြိုးဖြင့် ကာရန် မျှော်မှန်းသည်။ | ၅။ ကျေးရွာပိုင် နွားစားကျက်ခြံကို သံဆူးကြိုး ဖြင့် ကာရန် လုပ်ငန်း။ |
| ၆။ ကျေးရွာတွင်း နှစ်ဂျယ်ချောင်းကူး တံတား မရှိ၍ သွားလာရန် ခက်ခဲမှု ရှိသည်။ | ၆။ ကျေးရွာတွင်း နှစ်ဂျယ်ချောင်းကူး ကြိုးတံတား ရရှိရန် မျှော်မှန်းသည်။ | ၆။ ကျေးရွာတွင်း နှစ်ဂျယ်ချောင်းကူး ကြိုးတံတား ရရှိရန် လုပ်ငန်း။ |
| ၇။ ကျေးရွာတွင်း အစည်းအဝေး ခန်းမဆောင် မရှိ၍ လူထုစုဝေးရန် ခက်ခဲမှု ရှိသည်။ | ၇။ ကျေးရွာတွင်း အစည်းအဝေး ခန်းမဆောင် ရရှိရန် မျှော်မှန်းသည်။ | ၇။ ကျေးရွာတွင်း အစည်းအဝေးခန်းမဆောင် ရရှိရန် လုပ်ငန်း။ |
| ၈။ ကျောင်းခြံစည်းရိုး မလုံခြုံ၍ ခက်ခဲမှု ရှိသည်။ | ၈။ ကျောင်းခြံစည်းရိုး ကို သံဇကာ ဖြင့် ကာရန် မျှော်မှန်းသည်။ | ၈။ ကျောင်းခြံစည်းရိုး ကို သံဇကာ ဖြင့် ကာခြင်း လုပ်ငန်း။ |
| ၉။ စာသင်ကျောင်းဆောင် မကောင်း၍ ကလေးများ စာသင်ရန် ခက်ခဲမှု ရှိသည်။ | ၉။ စာသင်ကျောင်းဆောင် အား ကလေးများ စာသင်ကြားနိုင်ရန် ပြုပြင်ရန် မျှော်မှန်းသည်။ | ၉။ စာသင်ကျောင်းဆောင် အား ပြုပြင်ခြင်း လုပ်ငန်း |

ကျေးရွာအတွင်းလမ်းများ ကောင်းမွန်လာစေရန်အတွက် သဲကျောက်ခင်းရန်၊ သောက်သုံးရေ လုံလောက်စွာ ရရှိရန် စိမ့်စမ်းရေသွယ်ပိုက်ပြုလုပ်ရန်၊ ဘောလုံးကွင်းများ ပြုပြင်လာကာ ကလေး၊ လူကြီး ကျန်းမာရေး လိုက်စားနိုင်စေရန်၊ လျှပ်စစ်မီးရရှိရန်၊ ချောင်းကူးတံတား ရရှိရန်၊ ကျေးရွာလူထုစုဝေးရာတွင် လွယ်ကူစေရန် အစည်းအဝေးခန်းမဆောင်ရရှိရန် စသည်တို့ကို အမျိုးသား၊ အမျိုးသမီး နှစ်ဦးစလုံး မျှော်မှန်းထားကြသည်။ အမျိုးသားများက နွားစားကျက်မြေစည်းရိုးကို သံဆူးကြိုးကာရန်၊ ကျောင်းမြေစည်းရိုးကို သံဇကာ ကာရန်၊ စာသင်ကျောင်းဆောင်အား ပြုပြင်ရန် မျှော်မှန်းထားသည်။ အမျိုးသမီးများမှာ မူကြိုကျောင်း အသစ်ရရှိရန်၊ ရေပြွန်ပိုက်လုံးများထည့်ပြီး မိုးတွင်း၌သွားလာရအဆင်ပြေစေရန်၊ စာကြည့်တိုက်ရရှိရန်၊ အိမ်တွင်းမှု သင်တန်းများရရှိရန်နှင့် မူကြိုသင်တန်းများ ရရှိရန် မျှော်မှန်းထားကြသည်။

(ဈ) ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများ



နမ်ရှယ်ကော 18.3.2019

| စဉ် | ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ | အကျိုးခံစားသူ | အဆင့် |
|---|---|---|---|
| ၁။ | အစည်းအဝေးခန်းမဆောက်လုပ်ခြင်း (100'x40'x15') (3' အုတ်စီ / သံဇကာ) (တမံတလင်းခင်း) | က+မ | ၁ |
| ၂။ | မီးဖိုချောင်ရေသွယ်ခြင်း (ရေတွင်း ၆ တွင်း) | က+မ | |
| ၃။ | ရွာတွင်းလမ်းသဲကျောက်ခင်းခြင်း | က+မ | ၂ |
| ၄။ | မီးလင်းရေး | က | ၄ |
| ၅။ | ချောင်းကူးတံတား | က+မ | ၆ |
| ၆။ | အပ်ချုပ်စက်မှုသင်တန်း | မ | |
| ၇။ | စားကျက်မြေ | က | |
| ၈။ | ဘောလုံးကွင်းပြုပြင်ခြင်း | က+မ | ၅ |
| ၉။ | ရေပြွန်တည်ဆောက်ခြင်း (Box Culvert) (ကွန်ကရစ်တံတား) | က+မ | ၃ |

ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းများသုံးသပ်ချက်

နမ်ရှယ်ကောကျေးရွာတွင် မဲပေးစနစ်ဖြင့် ရွေးချယ်ထားသော ဖွံ့ဖြိုးရေးလုပ်ငန်းများမှာ -

၁။ အစည်းအဝေးခန်းမဆောက်

၂။ ရွာတွင်းသဲကျောက်ခင်းခြင်း

၃။ ရေပြွန်တည်ဆောက်ခြင်း

၄။ မီးလင်းရေး

၅။ ဘောလုံးကွင်းပြုပြင်ခြင်း

၆။ ချောင်းကူးတံတား စသည်တို့သည် အစဉ်လိုက်ဦးစားပေး လုပ်ငန်းများ ဖြစ်ကြသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ





## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁) ဒုတိယနှစ်စက်ဝန်း

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ(Form PC 1)

| လမ်းညွှန်ချက်။ | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည်<br>ဦးဒိုးလီဂျ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ်<br>09454324034 | လူထုစည်းရုံးရေးမှူး၏ အမည်<br>ဦးကျော်ဘိုသာ | |
| ပြည်နယ်၊တိုင်းဒေသကြီး<br>ကချင်ပြည်နယ် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု<br>ပမ္ဘတ် | ကျေးရွာ<br>နမ့်ဂျယ်ကောင်း |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) --လီဆူ-- | ၁၈၇ အိမ် | ဘာသာ (၁) --ခရစ်ယာန်-- | ၁၉၂ အိမ် |
| လူမျိုးစု (၂) --ရဝမ်-- | - | ဘာသာ (၂) -------- | အိမ် |
| လူမျိုးစု (၃) --ရှမ်း-- | ၃ အိမ် | ဘာသာ (၃) --ဗုဒ္ဓ-- | |
| လူမျိုးစုရော --ရှမ်း၊ လီဆူ-- | ၂ အိမ် | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၇ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၂ | | |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) | |
|---|---|---|---|
| လူဦးရေ | ၆၀၄ | ၅၇၂ | ၁၁၇၆ |
| လူမျိုးစု (၁)---- လီဆူ | ၅၈၇ | ၅၆၃ | |
| လူမျိုးစု (၂)---------- | - | | |
| လူမျိုးစု (၃)---------- ရှမ်း | ၈ | ၃ | |
| အခြား ဗမာ | ၄ | ၆ | |
| အိမ်ထောင်ဦးစီး | ၁၇၅ | ၁၇ | |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်း မာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☑ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☐ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီး ကျောင်း | ☐ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☑ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☑ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ် (ကျေးရွာတွင်နေထိုင်သော သို့ မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☐ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာ သည်၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါအတိုင်းဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာ ဖွံ့ဖြိုးမှုစီမံချက် ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? **(ရှိပါသည်)**/မရှိပါ/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/**(မသိပါ)**

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? **(ပြုခဲ့ပါသည်)**/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာ အဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၂------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁း၄၀------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်------၁း၅၀---------------------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှည်း/မော်တော်ဘုတ်/
အခြား ------------------

(ဆ)ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☑မရှိပါ ☐ ရှိပါသည် ရှိလျှင်ဖော်ပြပါ --------------------------------

(ဇ) ကျေးရွာတွင်ဖွဲ့ စည်းထားသောအဖွဲ့ အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --UNDP-----------------------

(၂) --WCM-----------------------

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦး စီးဌာန (GAD) မှ မတ်တမ်း တငထ် ားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [illegible] နေ့. ၂၇ · ၁ · ၂၀၁၉

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [illegible] နေ့စွဲ ၂၇ · ၁ - ၂၀၁၉

## ၈။ ကျေးရွာအချက်အလက် (ပုံစံ-၁) ပထမနှစ်စက်ဝန်း

ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ(Form PC 1)

| လမ်းညွှန်ချက်။ | | | |
|---|---|---|---|
| ကျေးရွာခေါင်းဆောင် အမည် ဦး ဒိလီဂျဲ | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် 09454324034 | လူထုစည်းရုံးရေးမှူး၏ အမည် ဦး ဇါးမိုသို | |
| ပြည်နယ်၊တိုင်းဒေသကြီး ကချင်ပြည်နယ် | မြို့နယ် ပူတာအို | ကျေးရွာအုပ်စု ဖယ္ခူကီး | ကျေးရွာ နော်ဂျယ်ကော |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) [illegible] | ၁၈၈ | ဘာသာ (၁) ခရစ်ယာန် | ၁၈၈ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------- | | ဘာသာရော ----------- | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၇ | | |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၂ | | |
| မစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၆၀၅ | ၅၇၇ |
| လူမျိုးစု (၁)--[illegible] | ၆၀၅ | ၅၇၇ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၇၃ | ၁၅ |

-၂၈-

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်း မာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| မူကြိုကျောင်း | ☑ | တိုက်နယ်ဆေးရုံ | ☐ | စေတီ | ☐ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီး ကျောင်း | ☐ |
| မူလွန်ကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☑ | ဟိန္ဒူဘုရားကျောင်း | ☐ |
| အလယ်တန်းကျောင်း | ☑ | ဆေးပေးခန်း | ☑ | ခရစ်ယာန်ကျောင်း | ☑ |
| လယ်လွန်ကျောင်း | ☐ | အခြား | ☐ | ဗလီ | ☐ |
| အထက်တန်းကျောင်း | ☐ | | | အခြား | ☐ |
| အခြား | ☐ | | | | |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့ မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထုင် သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | |
| မူကြိုဆရာ/မ | ☑ | ☐ | သားဖွားဆရာမ | ☐ | ☑ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာ သည်၄င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါအတိုင်းဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ____________ |

(င) ကျေးရွာ ဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား?

ဝိုင်းပါ
ရှိပါသည် (circled)/မရှိပါ/မသိပါ

- ၂၉ -

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--၂၀၁၂------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

**(စ) ခရီးအကွာ အဝေး**

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--၅---/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/
အခြား ------------------

မိုးရာသီတွင်ကြာချိန်---၄၀ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/
အခြား ------------------

**(ဆ)ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်**

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐မရှိပါ ☑ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------------------------------

**(ဇ) ကျေးရွာတွင်ဖွဲ့ စည်းထားသောအဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အစိုးရ(သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---UNDP---

(၂) ---ဝေါ်ကွန်ဆန်---
MAM

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦး စီးဌာန (GAD) မှ မှတ်တမ်း တင်ထ ားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ရှိပါသည်

ကျေးရွာခေါင်းဆောင် ဦးခိုလီဂူ အမည် [signature]

လက်မှတ် နေ့ 10.7.2018

လူထုစည်းရုံးရေးမှူး အမည် ဦး ဂွါးနီပယ်

လက်မှတ် [signature] နေ့စွဲ 10.7.2018

-၃၀-

# ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ဒုတိယနှစ်စက်ဝန်း

ပုံစံ - စ - ၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး [illegible] | | | |
| နေ့စွဲ 18 / 3 / 2019 | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ✓ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စကဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - ပူတာအို | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့်လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 18/3/2019 | 18/3/2019 | 49 | 61 | 110 | လီဆူ = 109 ၊ ဗမာ = 1 | 192 | 57.3% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 18/3/2019 | 18/3/2019 | 49 | 61 | 110 | လီဆူ = 109 ၊ ဗမာ = 1 | 192 | 57.3% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 29.3.2019 | 29.3.2019 | 19 | 22 | 41 | လီဆူ = 25၊ [illegible] = 9 ၊ [illegible] = 5၊ [illegible] = 2 | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့်အစည်းအဝေး | | | | | | - - - | | |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး အစီအစဉ်ရေးဆွဲခြင်း | | | | | | - | | |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | - - | | |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | | | | | | - - | | |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | | | | | | - - | | |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | - - | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | | | | | | - - | | |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | - - | | |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | | | | | | - - | | |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | | | | | | - - | | |

၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား (ပုံစံ-၂) ပထမနှစ်စက်ဝန်း

ပုံစံ - ၈ - ၂ -စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ဌါး ဦ ယို | | | |
| နေ့စွဲ 10-7-2018 | | စက်ဝန်းအားအမှတ်ခြစ်ပါ ☑ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း - ကချင် | မြို့နယ် - ပူတာအို | ကျေးရွာအုပ်စု မဖွန်တီ | ကျေးရွာ နမ့်ဂုယ်ဏာ |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတက်ရောက်သူအရေအတွက် | | | | | |
|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့်လူမျိုးစုအမည် | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၆.၇.၂၀၁၈ | ၆.၇.၂၀၁၈ | ၄၇ | ၅၀ | ၉၈ | လီဆူ ၉၈ | ၁၀၈ | ၉၂% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | ၁၀.၇.၂၀၁၈ | ၁၀.၇.၂၀၁၈ | ၅၆ | ၅၀ | ၁၀၆ | လီဆူ ၁၀၆ | ၁၀၈ | ၉၆% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | ၂၀.၇.၂၀၁၈ | ၂၀.၇.၂၀၁၈ | ၂၃ | ၂၁ | ၄၄ | လီဆူ၊ ရခိုင်၊ ရှမ်း၊ ကချင် ၃၀ ၊ ၈ ၊ ၄ ၊ ၂ | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၃၁.၈.၂၀၁၈ | ၆.၉.၂၀၁၈ | မလို | မလို | မလို | မလို | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေးနှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့်အစည်းအဝေး | ၁၄.၆.၂၀၁၈ | ၁၄.၆.၂၀၁၈ | ၁၅ | ၁၆ | ၃၁ | လီဆူ → ၃၀ ဗမာ → ၁ | ၁၀၈ | ၁၆% |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေး အစီအစဉ်ရေးဆွဲခြင်း | ၁၄.၆.၂၀၁၈ | ၁၄.၆.၂၀၁၈ | ၁၅ | ၁၆ | ၃၁ | လီဆူ ၃၀<br>ဗမာ ၁ | ၁၀၀ | ၁၆% |
| ၆.၂။ ဝယ်ယူရေးအစီအစဉ် ရေးဆွဲခြင်း | ၁၄.၆.၂၀၁၈ | ၁၄.၆.၂၀၁၈ | ၁၅ | ၁၆ | ၃၁ | လီဆူ ၃၀<br>ဗမာ ၁ | ၁၀၀ | ၁၆% |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | ၂၀.၆.၂၀၁၈ | ၂၀.၆.၂၀၁၈ | ၈ | ၈ | ၁၆ | လီဆူ ၁၆ | ၁၀၀ | ၁၆% |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | ၁၀.၁၁.၂၀၁၈ | ၁၀.၁၁.၂၀၁၈ | ၃၇ | ၅၈ | ၉၅ | လီဆူ ၉၅ | ၁၀၀ | ၉၅% |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | ၁၀.၁၀.၂၀၁၈ | ၁၀.၁၀.၂၀၁၈ | ၂၀ | ၈ | ၂၈ | လီဆူ ၂၈ | ၁၀၀ | ၁၄% |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ် | ၁၄.၁၀.၂၀၁၈ | ၁၅.၁၀.၂၀၁၈ | ၈ | ၈ | ၁၆ | လီဆူ ၁၅<br>ဗမာ ၁ | ၁၀၀ | ၁၆% |
| ၇.၃။ အစည်းအဝေး တတိယအကြိမ် | ၂၃.၁၀.၂၀၁၈ | ၂၃.၁၀.၂၀၁၈ | ၉ | ၄ | ၁၃ | လီဆူ | ၁၀၀ | ၇% |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၂၆.၁၀.၂၀၁၈ | ၂၆.၁၀.၂၀၁၈ | ၈ | ၈ | ၁၆ | လီဆူ ၁၅<br>ဗမာ ၁ | ၁၀၀ | ၁၆% |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၁၆.၁၂.၂၀၁၈ | ၁၆.၁၂.၂၀၁၈ | ၃၇ | ၅၈ | ၉၅ | လီဆူ – | ၁၀၀ | ၉၅% |

# ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ဒုတိယနှစ်စက်ဝန်း

**ပုံစံ - စ-၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)**

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* အဆင့်(၃)ကျေးရွာမျှော်မှန်းချက်အစည်းအဝေးပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦး ကျော်နိုင် | | | |
| နေ့စွဲ 19.2.2019 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☑ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း<br>ကချင် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု<br>ပမ္ဘတ်း | ကျေးရွာ<br>နမ့်ရှယ်တဘာ |

**က။** အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင်ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|
| သောက်သုံးရေမလုံလောက်သောကြောင့် ကျန်းမာရေး အခက်အခဲရှိသည်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| ရွာအတွင်း ဆေးကုသရန်တိုက် မရှိ၍ ခက်ခဲသည်။ | ☐ ကျား ☑ မ ☐ ကျား+ မ |
| ကျောင်းခြံစည်းရိုး မလုံခြုံ၍ ခက်ခဲမှုရှိသည်။ | ☑ ကျား ☐ မ ☐ ကျား+ မ |
| နမ့်ရှယ်တံတား မရှိ၍ သွားလာရန် ခက်ခဲသည်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| စာသင်ကျောင်းဆောင် မလောက်၍ ကလေးများ စာသင်ရန် ခက်ခဲမှုရှိသည်။ | ☑ ကျား ☐ မ ☐ ကျား+ မ |
| အမျိုးသမီးများ၊ သည် စက်ချုပ်သင်တန်းများ မရှိသောကြောင့် မြို့သို့ သွားရောက်ပြီး အဝတ်အစား သွားအပ်ရသည် အခက်ခဲ | ☐ ကျား ☑ မ ☐ ကျား+ မ |
| ကျေးရွာအတွင်း မူကြိုဆရာမ သင်တန်းများ မရှိ သဖြင့် ကလေးငယ်များ သင်ကြားနိုင်ရန် အခက်အခဲရှိသည်။ | ☐ ကျား ☑ မ ☐ ကျား+ မ |
| ကျေးရွာအတွင်း လယ်ယာမြေများ ရေသွင်းမြောင်းများ မရှိသဖြင့် စပါး အထွက်နှုန်း ကျဆင်းသည့် အခက်အခဲရှိသည်။ | ☑ ကျား ☐ မ ☐ ကျား+ မ |
| အတွင်းလမ်းကြားများ မကောင်း၍ မိုးတွင်း၌ သွားလာရ ခက်ခဲသည်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| ကျေးရွာတွင်း အစည်းအဝေး ခန်းမဆောင် မရှိ၍ လူထုစုဝေးရန် ခက်ခဲမှုရှိသည်။ | ☐ ကျား ☐ မ ☑ ကျား+ မ |
| ကျေးရွာအတွင်း ရေမြောင်း ပိုက်လုံးများ မရှိသောကြောင့် သွားလာရ ခက်ခဲသည်။ | ☐ ကျား ☑ မ ☐ ကျား+ မ |
| ကျေးရွာအတွင်း ဘော်လုံးကွင်း မကောင်း၍ ခက်ခဲမှုရှိသည်။ | ☑ ကျား ☐ မ ☐ ကျား+ မ |
| ကျေးရွာအတွင်း လျှပ်စစ်မီး မရှိ၍ ကလေးများ စာကျက်ရန် ခက်ခဲမှုရှိသည်။ | ☐ ကျား ☐ မ ☐ ကျား+ မ |

ခ။ မျှော်မှန်းခြင်း- နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အုပ်စုဖွဲ့ဆွေးနွေးမှုများမှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|
| ကျေးရွာအတွင်း ရေကောင်းရေသန့် ရရှိလာပြီး ကျန်းမာရေး လက်လှမ်းမီလာမည်။ | □ ကျား □ မ ☑ ကျား+ မ |
| စာကြည့်တိုက် ရှိလာပြီး ဗဟုသုတ တိုးပွားလာမည်။ | □ ကျား ☑ မ □ ကျား+ မ |
| ကျောင်းခြံစည်းရိုး ကိုသံဇကာ [illegible] ကာ [illegible] လုံခြုံမှု ရှိလာမည်။ | ☑ ကျား □ မ □ ကျား+ မ |
| [illegible] တံတား ရရှိလာပြီး သွားလာရ လွယ်ကူလာမည်။ | □ ကျား □ မ ☑ ကျား+ မ |
| စာသင်ကျောင်း ကောင်းလာပြီး ကလေးများ စာသင်ရန် လွယ်ကူလာမည်။ | ☑ ကျား □ မ □ ကျား+ မ |
| အမျိုးသမီးများ စက်ချုပ်သင်တန်း ရရှိက အလုပ်ဝင်ငွေ ရရှိလာမည်ကို မျှော်မှန်းပါသည်။ | □ ကျား ☑ မ □ ကျား+ မ |
| မူကြို ဆောက်မသင်တန်း ရရှိက ကလေးငယ်များကို ကောင်းမွန်စွာ ပြုစုနိုင်မည်။ | □ ကျား ☑ မ □ ကျား+ မ |
| လယ်ယာမြေများ အတွက် မြေဩဇာများ ရရှိလာက စပါး အထွက်နှုန်း တိုးတက်လာမည်ကို မျှော်မှန်းပါသည်။ | ☑ ကျား □ မ □ ကျား+ မ |
| ရွာတွင်း လမ်းကြားများ ကောင်းလာလျှင် မိုးတွင်း၌ သွားလာရ လွယ်ကူလာမည်။ | □ ကျား □ မ ☑ ကျား+ မ |
| ကျေးရွာတွင်း အစည်းအဝေး ခန်းမ ဆောက်ရရှိလာက လူထု စုဝေးရန် လွယ်ကူလာမည်။ | □ ကျား □ မ ☑ ကျား+ မ |
| ရေမြောင်း ပိုက်လုံးများ မြှုပ်လာသောကြောင့် သွားလာရ လွယ်ကူလာမည်။ | □ ကျား ☑ မ □ ကျား+ မ |
| ဘောလုံး ကွင်း ပြုပြင်လာရန် မျှော်မှန်းပါသည်။ | ☑ ကျား □ မ □ ကျား+ မ |
| ကျေးရွာတွင်း လျှပ်စစ်မီး ရရှိလာသောကြောင့် ကလေးသူငယ်များ စာကျက်ရန် လွယ်ကူလာမည်။ | □ ကျား □ မ ☑ ကျား+ မ |

ဂ။ လူထုစီမံကိန်း၏ လာမည့်( ၄ )နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| ဦးစားပေး အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ(အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+အမျိုးသမီး) | အခန်းကဏ္ဍ | ဦးစားပေး အဆင့်သတ်မှတ်ချက် | ခန့်မှန်းကုန်ကျစရိတ် | အကျိုးခံစားခွင့်ရှိသူခန့်မှန်းခြေအရေအတွက် | | |
|---|---|---|---|---|---|---|---|---|
| | | | | | | ကျား | မ | ပေါင်း |
| ၁ | ခန်းမ ဆောင်တည် ဆောက်ခြင်း | ကျ/မ | ကျေးရွာ အဆောက်အအုံ | ၁ | ၅၅၀၀၀၀၀ | 604 | 572 | 1776 |
| ၂ | ရွာတွင်းသို့ ကျောက်လမ်း ခင်းခြင်း | ကျ/မ | လမ်း တံတား | ၂ | ၆၀၇၀၀၀၀ | 604 | 572 | 1176 |

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၃ | ရေမြောင်း တည်ဆောက် ခြင်း | ပု | လမ်း တံတား | 2000000 | | 604 | 572 | 1176 |
| ၄ | မီးလင်း ရေး | က/မ | မီးလင်းရေး | 9000000 | | 604 | 572 | 1176 |
| ၅ | သောက်သုံး ကွင်းမြှုပ် ခြင်း | က | အခြား | 1000000 | ၅ | 604 | 572 | 1176 |
| ၆ | စာသင်ကျောင်း ဆောင် ပြုပြင်ခြင်း | က | ပညာရေး | 8000000 | ၆ | 604 | 572 | 1176 |
| ၇ | ရေရရှိရေး | က/မ | ရေရရှိရေး | 6000000 | ၇ | 604 | 572 | 1176 |
| ၈ | စာကြည့်တိုက် ဆောက် လုပ်ခြင်း | မ | အခြား အဆောက် အဦး | 6500000 | ၈ | 604 | 572 | 1176 |
| ၉ | ကျောင်းဝင်းခြံစည်း ရိုး ကာရံခြင်း လုပ်ငန်း | က | ပညာရေး | 5500000 | ၉ | 604 | 572 | 1176 |
| ၁၀ | တံတား တည်ဆောက် ခြင်း | က/မ | လမ်း တံတား | 4000000 | ၁၀ | 604 | 572 | 1176 |
| ၁၁ | | | | | | | | |
| ၁၂ | | | | | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျိုးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စက်ချုပ်သင်တန်း | မ | အခြား |
| ၂ | မှိုကြိ သင်တန်း | မ | ပညာရေး |
| ၃ | မြေဩဇာဖောက်လုပ်ခြင်း | က | အခြား |
| ၄ | | | |
| ၅ | | | |
| ၆ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှအတည်ပြုသည်။

အမည် ဦး [illegible] လက်မှတ် [illegible] နေ့စွဲ 18. 3. 2019

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (ပုံစံ-၃) ပထမနှစ်စက်ဝန်း

ပုံစံ - ၈ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးဥါးနီယို | | | |
| နေ့စွဲ စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☑ စက်ဝန်း(၁) | □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း(၄) | | |
| ပြည်နယ်/တိုင်း<br>ကချင် | မြို့နယ်<br>ပူတာအို | ကျေးရွာအုပ်စု<br>ပမ္မကီး | ကျေးရွာ<br>နန့်ဂျယ်ကော |

**က။အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း-ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကအခက်အခဲအတားအဆီးများသည်မည်သည်များဖြစ်ပါသနည်း။** (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| **အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ** | | **အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ** | |
|---|---|---|---|
| ၁ | ကျေးရွာအတွင်း လမ်းကြားများ မကောင်းသဖြင့် သွားလာရန် အခက်အခဲရှိသည်။ | ၁ | ရွာတွင်း လမ်းမကောင်းသဖြင့် ခက်ခဲခြင်း |
| ၂ | ကျေးရွာအတွင်း ရေကောင်းရေသန့် မရရှိသဖြင့် သောက်သုံးရေ အခက်အခဲရှိသည်။ | ၂ | လျှပ်စစ်မီးမရှိသဖြင့် ကလေးစာကျက်ရန် အခက်အခဲဖြစ်သည်။ |
| ၃ | ကျေးရွာတွင်း ဘောလုံးကွင်း မကောင်းသဖြင့် ခက်ခဲမှု ရှိသည်။ | ၃ | ချောင်းကူးတံတားမရှိသဖြင့် ခက်ခဲခြင်း |
| ၄ | ကျေးရွာ လျှပ်စစ်မီး မရှိသဖြင့် ကလေးစာကျက်ရန် အခက်ခဲ ရှိသည်။ | ၄ | မူကြိုကျောင်းမကောင်းသဖြင့် ခက်ခဲခြင်း |
| ၅ | ကျေးရွာမှိုင်ကွာ စာကျက်ခန်း [illegible] မရှိ၍ အခက်အခဲရှိသည်။ | ၅ | မူကြိုကျောင်း မလုံလောက်သဖြင့် ခက်ခဲခြင်း |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| **အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ** | | **အမျိုးသမီး အဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ** | |
|---|---|---|---|
| ၁ | ကျေးရွာတွင်း သဲကျောက်ခင်းရန် မျှော်မှန်းသည်။ | ၁ | ရွာတွင်း သဲကျောက်ခင်းစေချင် ဟု မျှော်မှန်းသည် |
| ၂ | ရေကောင်းရေသန့် ရရှိလာရန် မျှော်မှန်းသည်။ | ၂ | လျှပ်စစ်မီး ရရှိရန် မျှော်မှန်းသည် |
| ၃ | အားကစားကွင်းကောင်းမွန် လာရန် | ၃ | ချောင်းကူးတံတား ခိုင်ခံ့ကျယ်ပြန့်ရန် မျှော်မှန်းသည် |
| ၄ | ကျေးရွာအတွင်း လျှပ်စစ်မီး ရရှိရန် | ၄ | မူကြိုကျောင်း ပြုပြင် ဟု မျှော်မှန်းသည် |
| ၅ | ကျေးရွာမှိုင်ကွာ စာကျက်ခန်းကို [illegible] ကြီးပြင်ကာရန် | ၅ | မူကြိုကျောင်း ထပ်ဆောက်ရန် မျှော်မှန်းသည်။ |

- ၃၃ -

ဂ။ လူထုစီမံကိန်း ၏ လာမည့် ( ၄နှစ်)အတွင်းအကျိုးဝင်သောဦးစားပေးဖွံ့ ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ အမျိုးသားများ / အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | ခန့်မှန်း ကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့် မှန်းခြေအရေ အတွက် |
|---|---|---|---|---|
| ၁ | ဘောလုံးကွင်းပြုပြင်ခြင်း | အမျိုးသား+အမျိုးသမီး | ၁၀၀၀၀၀၀ | ၁၁၈၂ ယောက် |
| ၂ | ရွာတွင်းလမ်း သဲကျောက် ခင်းခြင်း | အမျိုးသား+အမျိုးသမီး | ၈၀၀၀၀၀၀ | ၁၁၈၂ ယောက် |
| ၃ | [illegible] လုပ်ခြင်း | အမျိုးသား+အမျိုးသမီး | ၈၅၀၀၀၀၀ | ၁၁၈၂ ယောက် |
| ၄ | မီးလင်းရေး | အမျိုးသား | ၆၀၀၀၀၀၀ | ၁၁၈၂ ယောက် |
| ၅ | ပိုက်ဖြင့်ရေသွယ်ခြင်း | အမျိုးသား+အမျိုးသမီး | ၁၅၀၀၀၀၀၀ | ၁၁၈၂ ယောက် |
| ၆ | ရွာတွင်းရေ ၂ ခေါင်း | အမျိုးသား+အမျိုးသမီး | ၂၀၀၀၀၀၀ | ၁၁၈၂ ယောက် |
| ၇။ | [illegible] ပြုပြင်ခြင်း | အမျိုးသား+အမျိုးသမီး | ၈၀၀၀၀၀ | ၁၁၈၂ |

ဃ။ လူထုစီမံကိန်း၏ လာမည့်(၄)နှစ်အတွက်အကျိုးမဝင်သောဦးစာပေးဖွံ့ ဖြိုးတိုးတက်မှုလုပ်ငန်းအစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုး တိုး တက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စားကျက်မြေ | အမျိုးသား | |
| ၂ | ချောင်းကူးတံတား | အမျိုးသား+အမျိုးသမီး | |
| ၃ | အိမ်တွင်းမှုသင်တန်း | အမျိုးသမီး | |
| ၄ | | | |
| ၅ | | | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ဦး[illegible] ---------- လက်မှတ် [signature] ---------- နေ့စွဲ ၁၀.၇.၂၀၁၈ ----------

၁၁။ အစည်းအဝေးမှတ်တမ်းများ

| | | |
|---|---|---|
| ပူတာအိုမြို့နယ် | ပမ္မတီးအုပ်စု၊ နမ်ရှယ်ကော့ကျေးရွာ | ရက်စွဲ။ ။ ၁၈.၃.၂၀၁၉ |

**အစည်းအဝေးရည်ရွယ်ချက်။** ။လူထုဗဟိုပြုစီမံကိန်း ပ-ဒ အကြိမ် ကျေးရွာ စီမံကိန်းမိတ်ဆက်အစည်းအဝေး၊ စီမံကိန်းစက်ဝန်း ရန်ပုံငွေနှင့် (အကာအကွယ်) စေတနာ့ ဝန်ထမ်းရွေးချယ်ခြင်း၊ ကော်မတီရွေးချယ်ခြင်းနှင့်လူမှုဆန်းစစ်ခြင်းပြုပြီး လုပ်ငန်းခွဲဖော်ထုတ် သိရှိရန်။

**ဆွေးနွေးချက်**

အစည်းအဝေးမစတင်မီ စည်းရုံးရေးမှူးများ ကျေးရွာလူထုထံသို့ တစ်ဦးချင်းမိတ်ဆက်ကြသည်။ စီမံကိန်းမိတ်ဆက်နှင့် လူထုဗဟိုပြုစီမံကိန်း၏ အဓိက လက္ခဏာများကို စည်းရုံးရေးမှူး ဦးလှထွေးက ကျေးရွာလူထုထံ ချပြရှင်းလင်းခဲ့သည်။ လူထုဗဟိုပြု စီမံကိန်းသည် ဘာတွေပြုလုပ်ပေးနေသော စီမံကိန်းဖြစ်သနည်းကို ကျေးရွာလူထုထံ မေးခွန်းများ မေးပြီး ပြန်လည် ရှင်းပြခဲ့သည်။ ကျေးရွာလူထုများလည်း အတွေ့အကြုံတစ်နှစ်ကို ဖြတ်သန်းခဲ့ကြသောကြောင့် မေးခွန်းများကို ရိုးရာဘာသာစကားများဖြင့် ပြန်လည်ဖြေကြားခဲ့သည်။ ထို့နောက် လက်ထောက်နည်းပညာမှူး ဒေါ်သီတာလွင်မှ စီမံကိန်းစက်ဝန်းနှင့် ပမ္မတီး အုပ်စု ရရှိမည့် ရန်ပုံငွေများကို ကျေးရွာလူထုထံ ရှင်းပြခဲ့သည်။ ကျေးရွာလူထုများလည်း ဒီနှစ်ရန်ပုံငွေတိုးသောကြောင့် မိမိတို့မျှော်လင့်သော လုပ်ငန်းရရှိမည်ဟု မျှော်လင့်နေကြသည်ဟု စီထောက်မှ ရွာလူထုကိုယ်စား ပြောကြားခဲ့သည်။ ထို့နောက် လူမှု ဆန်းစစ်ခြင်းကို ပြုလုပ်ရာတွင် အုပ်စု(၂)ဖွဲ့ခွဲကာ ဆွေးနွေးခဲ့ကြသည်။ ပြဿနာအခက်အခဲမျှော်မှန်းချက်၊ ကျေးရွာမြေပုံ၌ အိမ်ခြေတိုးမတိုး၊ ဥစ္စာနေကြွယ်ဝမှုဇယား အရင်နှစ်ထက်ဒီနှစ်၌ ပြောင်းလဲမှုများ ရှိသလား မေးမြန်းပြီး ကျေးရွာလူထုလည်း အားတက်သရောပူးပေါင်းပါဝင်ကြကာ ဆွေးနွေးခဲ့ကြသည်။ ဆက်လက်ပြီး စီမံကိန်း လုပ်ငန်းခွဲများကို ဦးစားပေးအဆင့်သတ်မှတ်ရန် မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ပါသည်။ ထို့နောက်ဒေါ်သီတာလွင်မှ အကျုံးဝင်၊ မဝင်နှင့် အကာအကွယ်များကို တင်ပြရှင်းလင်းခဲ့သည်။

ထို့နောက် ကော်မတီအပြောင်းအလဲများရှိသောကြောင့် မဲပေးစနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။ ကော်မတီများရဲ့တာဝန် ဝတ္တရားများကို ထပ်မံရှင်းပြခဲ့သည်။ ထို့နောက် ပ-ဒကြိမ် အစည်းအဝေးကို စီမံကိန်းဝန်ထမ်းမှ အခုလို လာရောက်ဆွေးနွေးပေးကြသော ရွာတာဝန်ခံ၊ ကော်မတီဝင်များနှင့် ကျေးရွာလူထုများကို ကျေးဇူးတင်စကား ပြောကြားကာ အစည်းအဝေးကို ပိတ်သိမ်းခဲ့ပါသည်။

**အစည်းအဝေးတက်ရောက်သူ။ ။ ကျား (၉) + မ (၁၅) = စုစုပေါင်း (၂၄) ဦး**

မှတ်တမ်းတင်သူ

ဦးဂျော်နီဆာ

လူထုစည်းရုံးရေးမှူး

## ၁၂။ ကဏ္ဍအလိုက် လုပ်ငန်းအချုပ်ဇယား

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ(အမှန်ခြစ်ရန်) | | | ခုနစ် | ထောက်ပံ့မည့်အဖွဲ့ အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အဦကဏ္ဍ (လမ်း/တံတား/ရေရရှိရေး/ မီးလင်းရေး) | ၁ | ရွာတွင်းလမ်းသဲကျောက်ခင်းခြင်း | | | ✔ | ၂၀၁၉ | လူထုဗဟိုပြုစီမံကိန်း | |
| | ၂ | မီးလင်းရေး | ✔ | | | | | |
| | ၃ | စိမ့်စမ်းရေသွယ်ယူခြင်း | | | ✔ | | | |
| | ၄ | ရွာတွင်းရေနုတ်မြောင်း | | | ✔ | | | |
| | ၅ | ရေပြွန်တည်ဆောက်ခြင်း | | ✔ | | ၂၀၁၈ | လူထုဗဟိုပြုစီမံကိန်း | |
| | ၆ | တံတားတည်ဆောက်ခြင်း | | | ✔ | | | |
| လူမှုစီးပွားကဏ္ဍ (ပညာရေး/ ကျန်းမာရေးနှင့်ဆိုင်သော အဆောက်အဦများနှင့် အခြားလိုအပ်ချက်များ) | ၁ | မူကြိုဆောင်ပြုပြင်ခြင်း | | | ✔ | ၂၀၁၈ | လူထုဗဟိုပြုစီမံကိန်း | |
| | ၂ | ကျောင်းခြံစည်းရိုးကာရံခြင်း | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| သက်မွေးဝမ်းကြောင်းကဏ္ဍ (စိုက်ပျိုးရေး/ မွေးမြူရေးနှင့်ဆိုင်သော အဆောက်အဦများ နှင့်အခြားလိုအပ်ချက်များ) | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝ ဘေးအန္တရာယ် လျော့ပါးရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်းနှင့် အကောင်အထည် ဖော်ဆောင်ရွက်ပေးနိုင်ခြင်း မရှိသောလုပ်ငန်းများ) | ၁ | ဘောလုံးကွင်းပြုပြင်ခြင်း | | | ✔ | | | |
| | ၂ | အစည်းအဝေးခန်းမ | | | ✔ | | | |
| | ၃ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | | ✔ | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |